## တင်ဒါရယူခြင်း

အစိုးရဌာနများမှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်း၊ ယာဉ်နှင့်စက်ကိရိယာ၊ ပရိဘောဂ ဝယ်ယူရေးလုပ်ငန်းများကို တင်ဒါရရှိသူများအနေဖြင့် ပေးဆောင်ရမည့် အခွန်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## တံဆိပ်ခေါင်းခွန်

တင်ဒါရရှိသူများအနေဖြင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုရာတွင် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေ နောက်ဆက်တွဲ ဇယား(၁) အမှတ်စဉ်၅(ဂ)အရ တန်ဖိုးအပေါ် ၁% (အများဆုံး ၁၅၀၀၀၀၀ိ/- ထက်မပိုစေရပါ) ကိုပေးဆောင်ရပါမည်။ အစိုးရအဖွဲ့အစည်းက ပြင်ပပုဂ္ဂလိများအပေါ် လုပ်ငန်းအပ်နှံသည့်စာချုပ်နှင့် ပစ္စည်းဝယ်ယူမှုအတွက်ချုပ်ဆိုသည့် စာချုပ်များအပေါ် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်အား တင်ဒါရရှိသူက ပေးဆောင်ရပါမည်။

## ကုန်သွယ်လုပ်ငန်းခွန်နှင့်အထူးကုန်စည်ခွန်

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၄ အရ မည်သူမဆို ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်မည်ဆိုပါက ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပြီး၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းအတွက် ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ပုဒ်မခွဲ(ဃ) ပါ ဝန်ဆောင်မှု(၃၁)မျိုးတွင် မပါဝင်သည့် အခြားဝန်ဆောင်မှု ဖြစ်ပါက ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ပုဒ်မခွဲ(င)အရ ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရမည် ဖြစ်ပါသည်။

ကုန်စည်ထောက်ပံ့ပေးခြင်း တင်ဒါရရှိသူများသည် ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ပုဒ်မခွဲ(ခ) အရ ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရပါမည်။

ယာဉ်များအား ဝယ်ယူတင်သွင်းခွင့်ရရှိသည့် တင်ဒါရရှိသူများသည် ပြည်တွင်းမှ ဝယ်ယူပေးပါက ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရပါမည်။

ပြည်ပမှတင်သွင်းပေးခြင်း လုပ်ငန်းသည် ဌာနအမည်ဖြင့် တင်သွင်းလာပါက ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခွင့်ပြုရန်ပုံငွေဖြင့် တင်သွင်းသည့် မော်တော်ယာဉ်များဖြစ်၍ ကြိုတင်ဝင်ငွေခွန် ပေးဆောင်ရန် မလိုဘဲ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကျသင့်မည်ဖြစ်ပါသည်။

အထူးကုန်စည်ခွန် = (အကောက်ခွန်စည်းကြပ်တန်ဖိုး + အကောက်ခွန် + ကုန်ချစရိတ်) X အခွန်ရာခိုင်နှုန်း

Double Cab 4 door Pickup မှအပ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်ကားများ၊ကူပေး(Coupe) ကားများဖြစ်လျှင် အခွန်ရာခိုင်နှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁၅၀၁CC မှ ၂၀၀၀CC အထိ | = | ၁၀% |
| ၂၀၀၁CC မှ ၄၀၀၀CC အထိ | = | ၃၀% |
| ၄၀၀၁CC အထက် | = | ၅၀% |

ကုန်သွယ်လုပ်ငန်းခွန် = (အကောက်ခွန်စည်းကြပ်တန်ဖိုး + အကောက်ခွန် + ကုန်ချစရိတ် + အထူးကုန်စည်ခွန်) X ၅%

ကြိုတင်ဝင်ငွေခွန် = အကောက်ခွန်စည်းကြပ်တန်ဖိုး X ၂%

## အခွန်ပေးဆောင်ရမည့်သူနှင့်အခွန်ခုနှိမ်ပေးဆောင်ခြင်း

တင်ဒါရရှိသူများသည် ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် တင်ဒါတန်ဖိုးအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅% အား တင်ဒါရရှိသူအမည်ဖြင့် ပေးဆောင်ရပါမည်။ တင်ဒါရရှိသူသည် မိမိအနေဖြင့် ယင်းတင်ဒါ ဆောင်ရွက်နိုင်ရန် ကုန်ပစ္စည်းဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းတို့အတွက် ကုန်သွယ်လုပ်ငန်းခွန် ပေးချေခဲ့ရခြင်းရှိပါက ယင်းတို့အတွက် သက်ဆိုင်ရာအခွန်ရုံးများတွင်တင်ပြပြီး၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ခုနှိမ်ပေးသွင်းနိုင်ပါသည်။

ဥပမာ-၁။ ကွန်ပျူတာအလုံး ၂၀ တင်သွင်းရန် တင်ဒါတန်ဖိုးမှာ ကုန်သွယ်လုပ်ငန်းခွန်အပါ ကျပ်သိန်း ၂၁၀ ဖြစ်လျှင် ကုန်သွယ်လုပ်ငန်းခွန်မှာ ၁၀ သိန်းကျပ် ပေးဆောင်ရမည် ဖြစ်ပါသည်။ ယင်းကွန်ပျူတာများအား ပြည်ပမှတင်သွင်းစဉ်က သို့မဟုတ် ဝယ်ယူစဉ်က ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၆ သိန်း ပေးဆောင်ခဲ့ပြီးဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ခုနှိမ်၍ ကျပ် ၄ သိန်းသာ ထပ်မံပေးဆောင်ရန် လိုအပ်ပါသည်။

ဥပမာ-၂။ အဆောက်အအုံဆောက်လုပ်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန်အပါကျပ် သိန်း ၄၂၀၀ ဖြင့် တင်ဒါရရှိထားသူသည် ကုန်သွယ်လုပ်ငန်းခွန်ကျပ်သိန်း ၂၀၀ ကျသင့်သော်လည်း ယင်းအဆောက်အအုံ ဆောက်လုပ်ရန်အတွက် ကုန်ပစ္စည်းများ တင်သွင်းခြင်း/ ဝယ်ယူခြင်းတို့အတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များ၊ အကြံဉာဏ်များတောင်းခံခြင်း/လုပ်ငန်းအတွက် ကြီးကြပ်ဆောင်ရွက်ခများ စသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် ပေးချေခဲ့ရခြင်းများရှိပါက ယင်းတို့ကို ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင်အညီ ခုနှိမ် ပေးသွင်းနိုင်ပါသည်။

ဝန်ကြီးဌာနများက တင်ဒါတန်ဖိုးပေးချေငွေအပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းငွေ ၂% အားဖြတ်တောက်၍ တင်ဒါရရှိသူအမည်ဖြင့် ပေးဆောင်ပေးရပါမည်။ ပင်ရင်းမှနုတ်ယူပေးသွင်းငွေ Withholding Tax ကို ဌာနမှနုတ်ယူပေးသွင်းခြင်းဖြစ်လျှင် ဝင်ငွေခွန်စည်းမျဉ်း၁၄၊ စည်းမျဉ်းခွဲ (ခ) အရ နုတ်ယူသည့်နေ့၌ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရပါမည်။ ပြည်ပမှကိုယ်တိုင်တင်သွင်းစဉ် ကြိုတင်ဝင်ငွေခွန် ၂% ပေးဆောင်ခဲ့ရပါက သက်ဆိုင်ရာအခွန်ရုံး၏ စိစစ်ထောက်ခံချက်အရ ခုနှိမ်ပြီး ထပ်မံလိုအပ်သည့် အခွန်အား ပေးဆောင်ရမည် ဖြစ်ပါသည်။

ဥပမာ-၃။ တင်ဒါတန်ဖိုးစုစုပေါင်းသည် ဥပမာ-၁ ပါအတိုင်း ကျပ်သိန်း၂၁၀ ဖြစ်ပါက ယင်းတန်ဖိုးမှကုန်သွယ်လုပ်ငန်းခွန်နုတ်ပြီး ကျန်ငွေအပေါ် ၂% ဖြင့် ဝင်ငွေခွန် ၄သိန်း ကျသင့်မည် ဖြစ်ပါသည်။ ယင်းပစ္စည်းများအား ပြည်ပမှကိုယ်တိုင် တင်သွင်းစဉ် ကြိုတင်ဝင်ငွေခွန် ၂ သိန်း ပေးဆောင်ခဲ့ရပါက သက်ဆိုင်ရာအခွန်ရုံး၏ စိစစ်ထောက်ခံချက်အရ ခုနှိမ်ပြီး ထပ်မံလိုအပ်သည့် အခွန်အား ပေးဆောင်ရမည် ဖြစ်ပါသည်။

## အခွန်ခုနှိမ်ခွင့်ရရှိရန် တင်ပြရမည့်စာရွက်စာတမ်းများ

ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ပေးဆောင်ခွင့်ရရှိရေးနှင့် တင်ဒါခွင့်ပြုသည့်ဆိုင်ရာ အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများမှ လက်ခံပေးရေး အကြောင်းကြားပေးရန်အတွက် တင်ဒါအောင်မြင်သူက အောက်ပါအထောက်အထားများ

ပူးတွဲလျက် သက်ဆိုင်ရာအခွန်ရုံးသို့ လိပ်မူလျှောက်ထားရမည်-

(၁) သွင်းကုန်ကြေညာလွှာ (မူရင်း/ မိတ္တူ)
(၂) ပတခ(ကသခ)-၃၁၊ ၃၂၊ ၃၃ (မူရင်း/ မိတ္တူ)
(၃) တင်ဒါအောင်မြင်သူ၏အခွန်ခုနှိမ်ပေးပါရန်တင်ပြစာ
(၄) တင်ဒါစာချုပ်မိတ္တူ(ထိုက်သင့်တံဆိပ်ခေါင်းခွန်ပါပြီး)
(၅) ကုမ္ပဏီဖြစ်ပါကကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ

လုပ်ငန်းရှင်အနေဖြင့် မိမိပေးဆောင်ခဲ့သည့် အခွန်ခုနှိမ်၍ လိုအပ်သည့်အခွန်ကိုသာ ပေးသွင်းနိုင်ရန်အတွက် ခုနှိမ်ပေးသွင်းလိုသည့်လုပ်ငန်းရှင်နှင့်ပတခ(ကသခ)-၃၁ထုတ်ပေးသူနှစ်ဦးစလုံးတွင် ကုန်သွယ်လုပ်ငန်းခွန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၂ ရှိရမည် ဖြစ်ပါသည်။

ဝင်ငွေခွန် ခုနှိမ်ရရှိရန်အတွက် တင်ဒါအောင်မြင်သူ အနေဖြင့် သက်ဆိုင်ရာအခွန်ရုံးသို့ တင်ဒါစာချုပ်ပါ ကုန်ပစ္စည်းများအား ပြည်ပမှဝယ်ယူတင်သွင်းခဲ့စဉ်က ပေးဆောင်ထားသည့် သွင်းကုန်ကြေညာလွှာအား တင်ပြရန် လိုအပ်ပါသည်။

## ဝင်ငွေခွန်

ဝင်ငွေခွန်မှာ တင်ဒါတန်ဖိုးအပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်ငွေကိုဌာနမှ နုတ်ယူပေးသွင်းထားခြင်းမှာ ကြိုတင်ခွန်သာဖြစ်၍ တစ်ဦးချင်းပုဂ္ဂလိက လုပ်ငန်းရှင်ဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ-၆အရ သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက်လုပ်ငန်းမှ အသားတင်အမြတ်အပေါ် ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ဝင်ငွေခွန်နှုန်းထားဖြစ်သည့် ၀% မှ ၂၅ % ဖြင့် အခွန်ပေးဆောင်ရမည် ဖြစ်ပါသည်။

တင်ဒါရရှိသူမှာ ကုမ္ပဏီဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅% ဖြင့် ဝင်ငွေခွန် ပေးဆောင်ရပါမည်။

ကြိုတင်ခွန်ကောက်ခံထားသည့် Withholding Tax ၂% အား စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်နုတ်ပယ်ပေးပါမည်။

## ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် Withholding Tax တွက်ချက်ခြင်း

တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပစ္စည်းလာရောက်ပေးသွင်းသည့် ကုမ္ပဏီလုပ်ငန်းများအား ငွေပေးချေရာတွင် ကုန်သွယ်လုပ်ငန်းခွန် ၅%နှင့် Withholding Tax ၂% ကို အောက်ပါနမူနာတွက်ချက်နည်းအတိုင်း တွက်ချက်ရန် ဖြစ်ပါသည်။

| | |
|---|---|
| ဌာနမှ ကုမ္ပဏီ၊ လုပ်ငန်းသို့ပေးချေငွေ | =၅၀,၀၀,၀၀၀ိ/- |
| ကုန်သွယ်လုပ်ငန်းခွန် ၅% (၅၀,၀၀,၀၀၀ိ/× ၅/၁၀၅ ) | = ၂၃၈,၀၉၅ိ/- |
| Withholding Tax(၅၀,၀၀,၀၀၀ိ- CT×၂%) = | ၉၅၂၃၈ိ/- |

အစိုးရအဖွဲ့အစည်းများသည် ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်စည်ရောင်းချသူဖြစ်ပါက ဝန်ဆောင်မှုရယူသူ၊ ကုန်စည်ရယူသူထံမှ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကိုတစ်ပါတည်း ကောက်ခံပေးသွင်းရမည် ဖြစ်ပါသည်။

အစိုးရအဖွဲ့အစည်းများသည် ဝန်ဆောင်မှုရယူသူ၊ ကုန်စည်ဝယ်ယူသူဖြစ်ပါက ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်စည်ရောင်းချသူထံမှ ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းပြီးဖြစ်ကြောင်း အထောက်အထားအဖြစ် ငွေသွင်းချလံကို စိစစ်ပြီးမှသာ အရစ်လိုက် သို့မဟုတ် အပြီးသတ် ငွေပေးချေရန် ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ကို Withholding Tax ၂% ကဲ့သို့ ဖြတ်တောက်ပေးသွင်းရန် မဟုတ်ဘဲ တင်ဒါတင်သွင်းသူမှ ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ပြီး/ မပြီးကိုသာ စိစစ်ပေးရန်ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးသွင်းရာတွင် တင်ဒါရရှိသူအမည်ဖြင့် ငွေသွင်းချလံ ထုတ်ပေးမည်ဖြစ်ပြီး၊ ငွေသွင်းချလံ ထိပ်ပိုင်းတွင် ဌာနအဖွဲ့အစည်းအမည်နှင့် ရယူဆောင်ရွက်သည့် လုပ်ငန်း/ ဝန်ဆောင်မှုအမျိုးအစားကို အတိုချုပ် ရေးသားဖော်ပြပေးမည် ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁--၃၇၈၃၇၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂သို့မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.irdmyanmar.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊နည်းဥပဒေများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## တင်ဒါများအတွက် အခွန်ကျသင့်မှုများ

**၂၀၁၈-၂၀၁၉ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**
**ဝင်ငွေခွန်ဥပဒေ(၁၉၇၄)**
**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ(၁၉၉၀)**
**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ(၁၈၉၉)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.irdmyanmar.gov.mm

"Tax by the Law, Service by our Heart"